၆။ လျှောက်လွှာကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန၊ (ရေဆင်း)သို့ လိပ်မူ၍ ၃၀-၈-၂၀၁၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်း ခံရမည်။

၇။ အကယ်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ် ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ တိရစ္ဆာန်ဆေးပညာနှင့် မွေးမြူရေးပညာကို အမှန်တကယ် ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးရေးအတွက် တာဝန်ပြန်လည် ထမ်းဆောင်နိုင်မည့် တိရစ္ဆာန်ဆေးကုဆရာဝန်များ ပေါ်ထွန်းလာစေရေးအတွက် ဤတက္ကသိုလ်မှ တိရစ္ဆာန်ဆေးပညာဘွဲ့(DVM)(၆)နှစ်သင်တန်း လက်ခံမည့် စုစုပေါင်း(၁၀၀)ဦး၏ (၁၀)ရာခိုင်နှုန်းဖြစ်သည့် (၁၀)ဦးနှင့် မွေးမြူရေးပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် ဤတက္ကသိုလ်မှ မွေးမြူရေးပညာဘွဲ့(BASc)(၄)နှစ်သင်တန်း လက်ခံမည့် စုစုပေါင်း (၁၅၀)ဦး၏ (၁၀) ရာခိုင်နှုန်း ဖြစ်သည့် (၁၅)ဦးတို့ကို သီးခြား စဉ်းစား ရွေးချယ်မည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန ဖုန်း ၀၆၇-၃၄၁၆၆၅၉ ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဖုန်း ၀၆၇-၃၄၁၆၅၂၆ တို့ကို ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါကြောင်းနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။